ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏

# ၂၀၂၅ခုနှစ်

# နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏

# ၂၀၂၅ ခုနှစ်
# နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်

# မာတိကာ


| | |
|---|---|
| ၁။ နိဒါန်း | ၄ |
| ၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပုံ | ၅ |
| ၃။ အစည်းအဝေးများ၊ ဆုံးဖြတ်ချက်များ နှင့် အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေ | ၅ |
| ၄။ မူဝါဒမူကြမ်း ရေးဆွဲရေးကော်မတီ | ၆ |
| (က) ၂၀၂၅ ခုနှစ်အတွင်း အတည်ပြုပြီးမူဝါဒများ | ၆ |
| (ခ) ရှေ့လုပ်ငန်းစဉ်များ | ၆ |
| ၅။ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ | ၇ |
| ၆။ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှု ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ | ၇ |
| ရှေ့လုပ်ငန်းစဉ်များ | ၈ |
| ၇။ ကရင်နီပြည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ | ၉ |
| ရှေ့လုပ်ငန်းစဉ်များ | ၉ |
| ၈။ မဏ္ဍိုင်ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ဆောင်ရွက်ချက်များ | ၁၀ |
| (က) မဏ္ဍိုင်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ ဒုတိယဝန်ကြီးများပေါင်းစပ်ညှိနှိုင်းအစည်းအဝေးများ | ၁၀ |
| (ခ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC) နှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ | ၁၀ |
| ၉။ လူထုတွေ့ဆုံခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ | ၁၁ |
| (က) လူထုတွေ့ဆုံခြင်းအစီအစဉ်များ | ၁၁ |
| (ခ) လူထု ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းစဉ်များ | ၁၂ |
| (ဂ) ကရင်နီပြည်နယ်အတွင်း အခြားလုပ်ငန်းဆောင်ရွက်ချက်များ | ၁၂ |
| ၁၀။ ရုံးပိုင်းဆိုင်ရာ စီမံခန့် ခွဲရေးလုပ်ငန်းများ | ၁၃ |
| ၁၁။ အောင်မြင်မှု၊ အခက်အခဲနှင့် စိန်ခေါ်မှုများ | ၁၄ |
| (က) အောင်မြင်မှုများ | ၁၄ |
| (ခ) အခက်အခဲနှင့် စိန်ခေါ်မှုများ | ၁၅ |
| ၁၂။ ရှေ့လုပ်ငန်းစဉ်များ | ၁၅ |
| ၁၃။ နိဂုံး | ၁၆ |


# ၁။ နိဒါန်း

ဤနှစ်ပတ်လည်အစီရင်ခံစာသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ၊ တတိယနှစ် အတွင်း လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေများကို အစီရင်ခံထားခြင်းဖြစ်သည်။ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပြည်နယ်အတွင်းရှိ ပါဝင်ဆက်နွယ်သူများ (Stakeholders)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ပြည်ထောင်စု အဆင့်တွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊ တော်လှန်ရေး အင်အားစုများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများ၊ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လူထုတွေ့ဆုံမှုနှင့် ပြန်ကြားဆက်သွယ်ရေး ဆောင်ရွက်ချက်များ၊ ရုံးလည်ပတ်မှု ဆိုင်ရာအခြေအနေများနှင့်အတူ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ၊ ရလဒ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ထည့်သွင်း အစီရင်ခံထားပါသည်။



# ၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပုံ

**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းပုံပြဇယား**




# ၃။ အစည်းအဝေးများ၊ ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်နိုင်မှုအခြေအနေ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ပုံမှန်အစည်းအဝေးအား အပတ်စဉ်စနေနေ့တွင် ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း ပုံမှန်အစည်းအဝေးအကြိမ်အရေအတွက် စုစုပေါင်း (၃၄) ကြိမ် ပြုလုပ်ခဲ့သည်။ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၁၁၈) ချက် ချမှတ်နိုင်ခဲ့ပြီး (၁၁၃) ချက်ကို အကောင်အထည်ဖော်ဆောင်ပြီးဖြစ်သည်။ ကောင်စီဝင်၏ပုံမှန်အစည်းအဝေးတွင် ကောင်စီဝင်အသီးသီး၏ လုပ်ရှားမှုများအားဝေမျှခြင်း၊ ကော်မတီအလိုက်လုပ်ရှားမှုများဝေမျှခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများ ပြန်လည်သုံးသပ်ခြင်း၊ ပြည်နယ်အတွင်း လိုအပ်သည့်မူဝါဒများ ရေးဆွဲနိုင်ရန် လမ်းညွှန်ခြင်းနှင့် တင်သွင်းလာသောမူဝါဒမူကြမ်းများအား စိစစ်အတည်ပြုခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာလုပ်ငန်းများ ဆွေးနွေးအတည်ပြုခြင်း၊ မဟာမိတ်ချိတ်ဆက်ဆောင်ရွက်မှုနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများဆွေးနွေးခြင်း၊ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးနှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များဝေမျှခြင်းအပြင် အခြားသောအရေးပေါ် အကြောင်းအရာများ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# ၄။ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ

မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ မူဝါဒအလိုက် မူကြမ်းရေးဆွဲရေး အလုပ်အဖွဲ့များဖွဲ့စည်းခြင်း၊ မူဝါဒမူကြမ်းများရေးဆွဲရာတွင် ဦးဆောင်လမ်းညွှန်ခြင်း၊ မူဝါဒမူကြမ်းများကို သက်ဆိုင်ရာအင်အားစုများနှင့် အကြောင်းအရာအလိုက် ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများထံ ဆွေးနွေးညှိနှိုင်းခြင်း၊ အကြံပြုချက်များရယူခြင်း၊ မူဝါဒမူကြမ်းများအား အချောသတ်ပြင်ဆင်ခြင်းနှင့် အတည်ပြုနိုင်ရေးအတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီသို့ အလုပ်အဖွဲ့မှတဆင့် တင်ပြခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သည်။

ထို့အပြင် မူဝါဒအလိုက်လိုအပ်သော ကျွမ်းကျင်ပညာရှင်များ၊ ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိနိုင်ရန်အတွက် အလှူရှင်များ၊ အရင်းအမြစ်ဝေမျှပေးနိုင်သည့် မဟာမိတ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ မူဝါဒများပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရန်အတွက် မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် မူဝါဒအလိုက် တာဝန်ခွဲယူခြင်း၊ မူဝါဒရေးရာနည်းပညာအထောက်အကူပြုများနှင့် မူဝါဒရေးရာအထောက်အကူပြုဝန်ထမ်းများကို မူဝါဒအလိုက် သတ်မှတ်တာဝန်ပေးအပ်ပြီး လုပ်ငန်းများကို ဆောင်ရွက်ကာ အပါတ်စဉ်လုပ်ရှားမှုများ တင်ပြခြင်းများ ဆောက်ရွက်ခဲ့သည်။

## (က) ၂၀၂၅ ခုနှစ်အတွင်း အတည်ပြုပြီးမူဝါဒများ

**ဖေဖော်ဝါရီလ (၁၅) ရက်**
ဘဏ္ဍာရေးဆိုင်ရာမူဝါဒ

**မတ်လ (၁) ရက်**
မြေယာမူဝါဒ

**မေလ (၃၁) ရက်**
လူသားချင်းစာနာထောက်ထားမှု မူဝါဒ

**ဇွန်လ (၇) ရက်**
ဂျဲန်ဒါမူဝါဒမူဘောင်

**ဇွန်လ (၂၈) ရက်**
စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မူဝါဒ

**ဇူလိုင်လ (၁၉) ရက်**
မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒ

**ဒီဇင်ဘာလ (၆) ရက်**
အခွန်အကောက်ဆိုင်ရာ မူဝါဒ
လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာမူဝါဒ
ဒေသန္တရအုပ်ချုပ်ရေး ဆိုင်ရာမူဝါဒ

## (ခ) ရှေ့လုပ်ငန်းစဉ်များ

မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီသည် ပြည်နယ်အတွက် လိုအပ်လျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ၊ ပြည်သူ့ဝန်ထမ်း CDM မူဝါဒ၊ မသန်စွမ်းဆိုင်ရာမူဝါဒနှင့် သဘာဝသယံဇာတဆိုင်ရာမူဝါဒ မူကြမ်းများ ဆက်လက်ပြင်ဆင်ရေးဆွဲမည်ဖြစ်သည်။ ထို့ပြင် အတည်ပြုပြီးသော မူဝါဒများအား ပြန်လည်သုံးသပ်ခြင်းနှင့် မူဝါဒပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်အား အပြီးသပ်ရေးဆွဲ၍ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအတွင်း အတည်ပြုနိုင်ရန် ဆက်လက် ဆောင်ရွက်သွားမည်။

# ၅။ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

နိုင်ငံတကာဆက်ဆံရေးကော်မတီသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာသံရုံး အရာရှိများ၊ အလှူရှင်များနှင့်တွေ့ဆုံကာ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လက်ရှိကရင်နီပြည်၏ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးအခြေအနေများ၊ ပြည်သူလူထု၏ အခြေအနေများအား ရှင်းလင်းတင်ပြပြီးကောင်စီ၏ လုပ်ငန်းစဉ်များ၊ အုပ်ချုပ် ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာလုပ်ငန်းများတွင် ထောက်ပံ့ကူညီမှုများရရှိရန် တိုက်တွန်းတောင်းဆိုမှုများပြုလုပ်ခဲ့ပါသည်။

# ၆။ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဆိုင်ရာကော်မတီသည် ၂၀၂၅ ခုနှစ်အတွင်း ကရင်နီပြည် အတွင်းရှိ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ အဖွဲ့ဝင် မဟုတ်သော အင်အားစု၊ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း နိုင်ငံရေးဆိုင်ရာတွေ့ဆုံ ဆွေးနွေးမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ်၏ နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆိုင်ရာဘုံသဘောထား ရပ်တည်ချက်များရရှိရန် ညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် အင်အားစုအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအား ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၉-၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်ထောင်စုအဆင့် နိုင်ငံရေး အခြေအနေများ၊ ပြည်နယ်အဆင့် နိုင်ငံရေးအခြေအနေများနှင့် ပြည်နယ်၏ အသွင်ကူးပြောင်း ရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ဆက်လက်ရေးဆွဲနိုင်ရေးအတွက် လွှတ်တော်ဖွဲ့စည်းခြင်းဆိုင်ရာနှင့်ပတ်သက်၍ အစုအဖွဲ့တို့၏ သဘောထားများအား ဆက်လက်ရယူသွားရန်နှင့် တတိယအကြိမ် အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်အတွက် လမ်းညွှန်ချက်များကိုလည်း စုစည်းဆောင်ရွက်နိုင်ခဲ့ ပါသည်။

တတိယအကြိမ်အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှ (၁၅) ရက်နေ့အထိ (၃)ရက်တာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်ထောင်စု အဆင့်၊ ပြည်နယ်အဆင့် နိုင်ငံရေး၊ စစ်ရေးအခြေအနေများရှင်းလင်းတင်ပြခြင်းနှင့် ပြည်နယ်၏

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲခြင်းအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စု အဆင့်နိုင်ငံရေးတည်ဆောက်မှုနှင့်အသွင်ကူးပြောင်းရေးကာလ အစီအမံများဆိုင်ရာ အခြေခံဥပဒေ (AFTA) ရေးဆွဲခြင်းနှင့် ပတ်သက်၍ ရပ်တည်ချက်များချမှတ်ပေးခြင်း၊ ပြည်နယ် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု နိုင်ရေးနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အစိုးရတရပ်တည်းနှင့် ပြည်နယ်တပ် တစ်တပ်တည်းဖြစ်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ သည်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးဦးဆောင်မှု အခြေ အနေနှင့် ပြည်နယ်၏ပါဝင်မှု အခြေအနေ အပေါ်သုံးသပ် ၍ မဟာဗျူဟာကျသော လုပ်ငန်းစဉ်များ ထွက်ရှိရန် အဖွဲ့ဝင် အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၏သဘော ထားဆုံးဖြတ်ချက် ရယူခြင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၂–၁၃) ရက်တွင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၊ ပြည်နယ်၊ လူမျိုးကိုယ်စားပြု ဖက်ဒရယ်ကောင်စီများ၏ ထုတ်ပြန်ကြေညာချက်အား ကရင်နီပြည် အတိုင်ပင်ခံကောင်စီ အနေဖြင့် ပူးတွဲထုတ်ပြန်နိုင်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် ကြားကာလမှစတင်ကာ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်မှုကို ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေး (Button up Federalism Approach) အား လက်တွေ့ကျင့်သုံးမှုအားကောင်းရန်နှင့် ဖက်ဒရယ် အသွင်ကူးပြောင်းရေး အစီအမံများဆိုင်ရာ အခြေခံဥပဒေ Article of Federal Transitional Arrangement (AFTA) ရေးဆွဲပြင်ဆင်ရာတွင် ပြည်နယ်၊ ဖက်ဒရယ် ယူနစ်အကြား MEC မှ တဆင့် ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်သွား မည်ဖြစ် သည်။ ထိုသို့ ပြင်ဆင်ရန်အတွက် လူမျိုး၊ ပြည်နယ်၊ ဖက်ဒရယ် ယူနစ်များဖြင့် စုပေါင်းထားသည့် Multi Ethnic Federal Councils – MEC တွင် KSCC အနေဖြင့် အားကောင်းစွာ ပါဝင်လျက်ရှိပြီး Multi Ethnic Federal Councils ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

ကရင်နီပြည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ် နိုင်ရန်အတွက် သက်ဆိုင်ရာ အင်အားစုများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ Multi Ethnic Federal Councils ၏ နိုင်ငံ ရေးဦးဆောင်မှု ညှိနှိုင်းအစည်း အဝေးများပါဝင်ခြင်းနှင့် ဖက်ဒရယ် အသွင်ကူးပြောင်း ရေးအစီအမံများဆိုင်ရာ အခြေခံဥပဒေ Article of Federal Transitional Arrangement (AFTA) မူကြမ်းရေးဆွဲခြင်းများ ဆက် လက်ဆောင်ရွက်သွားမည်။

ထို့ပြင် စစ်ကိုင်းဒေသ၊ မန္တလေးဒေသ၊ မကွေးဒေသ ဖက်ဒရယ်ယူနစ်များနှင့် တွေ့ ဆုံ ဆွေးနွေးနိုင်ရန် ပြင်ဆင် သွားမည့်အပြင် ပြည်ထောင်စု အဆင့်နိုင်ငံ ရေ၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအတွက် Federal Steering Council – FSC လမ်းကြောင်းဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် ခြင်းစသည့် လုပ်ငန်းများ ဆက်လက် ဖော်ဆောင်မည် ဖြစ်သည်။

# ၅။ ကရင်နီပြည်အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ

ကရင်နီပြည်အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးအတွက် အကြောင်းအရာအလိုက် လိုအပ်သောသင်ယူလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် အသွင်းကူးပြောင်းရေးဆိုင်ရာ ဖွဲ့အစည်းပုံအခြေခံဥပဒေမူကြမ်းပါ လွှတ်တော်ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များအား ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်နှင့် မှတ်ချက်များအား လေ့လာဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာတွင် ကြန့်ကြာနှောင့်နှေးမှုများကိုရှောင်ရှားနိုင်ရန် အတွက် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအလုပ်အဖွဲ့ကို ကော်မတီဝင်(၆) ဦးဖြင့် ပိုမိုကျစ်လစ်စွာဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးမှု (၄) ကြိမ်ခန့် ပြုလုပ်ကာ ၂၀၂၄ ခုနှစ်တွင် (၇၅) ရာခိုင်နှုန်းအထိ ရေးဆွဲနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် တွင် အလုပ်အဖွဲ့မှ (၅) ကြိမ်တွေ့ဆုံ၍ မူကြမ်းအား (zero draft) အထိအပြီးသပ်ရေးဆွဲနိုင်ခဲ့သည်။

အလုပ်အဖွဲ့မှ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ အတွင်းရှင်းလင်းတင်ပြခြင်း၊ မူကြမ်းရေးဆွဲရေး ကော်မတီအတွင်း ရှင်လင်းတင်ပြခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး လိုအပ်သည့် အချက်အလက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ကာ ဒုတိယအကြိမ် အင်အားစုအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွင် ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ ယင်းဆွေးနွေးပွဲ ဆုံးဖြတ်ချက်အရ အစုအဖွဲ့များ၏ လွှတ်တော် (၁) ရပ်ထားရှိခြင်းနှင့် လွှတ်တော် (၂) ရပ် ထားရှိခြင်းအပေါ် သဘောထားရယူခြင်းကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့မှ (၂၆) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် အစုအဖွဲများပါဝင်သော အစည်းအဝေးတွင် သဘောထား ရယူနိုင်ခဲ့သည်။

တတိယအကြိမ် အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာသည့်အစုအဖွဲ့များမှ အသွင်ကူးပြောင်းရေးကာလအတွက် ရေးဆွဲပြင်ဆင်ထားသည့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အမြန်ဆုံးဆောင်ရွက်ရန်၊ ပြည်နယ်တွင် တပ်တစ်ခုတည်းဖြစ်ရေးနှင့် အစိုးရတစ်ရပ်တည်းဖြစ်ရေး သဘောထားများကို ရယူနိုင်ခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

အသွင်ကူးပြောင်းရေးကာလဖွဲ့အစည်းပုံ အခြေခံဥပဒေမူကြမ်းအား ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ အဖွဲ့ဝင်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်မဟုတ်သည့် အင်အားစုအစုအဖွဲ့များနှင့် ပြည်သူများထံသို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

# ၈။ မဏ္ဍိုင်ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ဆောင်ရွက်ချက်များ

## (က) မဏ္ဍိုင်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ ဒုတိယဝန်ကြီးများပေါင်းစပ်ညှိနှိုင်းအစည်းအဝေး များ

၂၀၂၅ ခုနှစ်အတွင်း ကရင်နီပြည် အတိုင်ပင်ခံကောင်စီသည် ကရင်နီပြည်ကြားကာလလွှတ်တော်၊ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ ကရင်နီပြည်ကြားကာလတရားစီရင်ရေးနှင့် ကရင်နီပြည်ကိုယ်စားပြုစေလွှတ်ထားသည့်အမျိုးသားညီညွတ် ရေးအစိုးရ (NUG) ဒုတိယဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို (၆) ကြိမ် ပူးပေါင်းပြုလုပ်ကျင်းပနိုင်ခဲ့သည်။

ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးများတွင် မဏ္ဍိုင်များအသီးသီးမှ လတ်တလော လုပ်ရှားမှုများအား ဝေမျှခြင်း၊ ပြည်နယ်၏ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး အခြေနေများအားဝေမျှဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

## (ခ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC)နှင့်ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ


အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် ကရင်နီပြည် အတိုင်ပင်ခံကောင်စီမှ ကိုယ်စားပြုကိုယ်စားလှယ် (၃) ဦးစေလွှတ်ခဲ့ပြီး ကိုယ်စားလှယ်များမှ NUCC ၏ ပုံမှန် အစည်းအဝေးများအား တက်ရောက်ခြင်း၊ ပြည်ထောင်စုအဆင့်နိုင်ငံရေးစုဖွဲ့မှု အားကောင်းရေး၊ တော်လှန်ရေးအင်အားစုများအကြား ပိုမိုကောင်းမွန်သော မဟာမိတ် ဆက်ဆံရေး တည်ဆောက်ခြင်း၊ နိုင်ငံရေးဆိုင်ရာ ဘုံသဘောတူညီချက်များ ချမှတ်ခြင်း၊ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)အား သုံးသပ်ပြင်ဆင်ခြင်း၊ NUCC ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ အသိအမှတ်ပြုရေးဆောင်ရွက်ခြင်းနှင့် တတိယအကြိမ် ပြည်သူ့ညီလာခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်ခြင်းစသည်တို့အား ပါဝင်ဆောင်ရွက် လျှက်ရှိသည်။

# ၉။ လူထုတွေ့ဆုံခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ

## (က) လူထုတွေ့ဆုံခြင်းအစီအစဉ်များ

၂၀၂၅ ခုနှစ်အတွင်း လူထုတွေ့ဆုံခြင်း (၆) ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ ဌာနများနှင့်လည်းကောင်း၊ ကရင်နီပြည်ကြားကာလလွှတ်တော်နှင့်လည်း ကောင်း၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် လည်းကောင်း ပူးပေါင်းကာဖယ်ခုံ၊ ဟူဘော၊ ဟိုယာ၊ ဒီးဘောင်းခုနှင့် ဖွံ့ဘော်ခွတ်စသည့် မြို့နယ် (၅) မြို့နယ် အတွင်းရှိ လူဦးရေ (၄၂၅) ဦးအား လူထုတွေ့ဆုံမှု (၅) ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

လူထုတွေ့ဆုံပွဲတွင် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှု များ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြားကာလအစီအမံတွင်ပါရှိသည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်မှု အခြေအနေများအား လူထုများသိရှိနားလည်စေရန် ရှင်းလင်းတင်ပြခဲ့ ပါသည်။ ပြည်နယ် အတွက် လိုအပ်သည့်မူဝါဒများ ရေးဆွဲရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ပံ့ပိုးသည့် အနေဖြင့် လူထုများတို့နှင့်တွေ့ဆုံ၍ မူဝါဒအကြောင်းအရာအလိုက် တင်ပြဆွေးနွေးမှုများပြုလုပ်၍ အကြံပြုချက်များရယူသည်။ ထို့ပြင် လက်ရှိပြည်နယ်၏ နိုင်ငံရေးနှင့် စစ်ရေးအခြေအနေများ ဝေမျှပြီး လူထုများ၏ဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်းများအား ပြုလုပ်ခဲ့ပါသည်။




၂၀၂၅ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော လူထုတွေ့ဆုံပွဲများ

## (ခ) လူထုပြန်ကြားဆက်သွယ်ရေးလုပ်ငန်းစဥ်များ

လူထုထံသို့ Facebook လူမှုကွန်ယက်မှတဆင့်သော်လည်းကောင်း၊ Website ဖြင့် လည်းကောင်း အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများတင်ပြခြင်း၊ မူဝါဒများ အတည်ပြုထုတ်ပြန်ကြေညာခြင်း၊ သဝဏ်လွှာများပေးပို့ခြင်းနှင့် အကြမ်းဖက်စစ်ကောင်မရှင်၏ တရားမဝင်အတုအယောင်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များသည် ကရင်နီပြည်၏ နိုင်ငံရေးစစ်ရေး အခြေအနေများ၊ လူထု၏အခြေအနေများ၊ တော်လှန်ရေး အင်အားစုများအားအသိအမှတ်ပြုခြင်း၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် လူတွေ့အင်တာဗျူး ဖြေဆိုခြင်း၊ အွန်လိုင်းအင်တာဗျူး ဖြေဆိုခြင်းများ ပြုလုပ်ခဲ့သည်။

## (ဂ) ကရင်နီပြည်နယ်အတွင်းအခြားလုပ်ငန်း ဆောင်ရွက်ချက်များ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသော ရေဘေးသင့်ပြည်သူများနှင့် စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်တုန့်ပြန်ကူညီမှုများ ဆောင်ရွက်ပေးသည့်အပြင် ပြည်နယ်တွင်းရှိလူမျိုးစုများ၊ မဏ္ဍိုင်အသီးသီး၊ အဖွဲ့အစည်းအသီးသီးများ၏ နေ့ထူးနေ့မြတ်များ၊ အခမ်းအနားများ ဂုဏ်ပြုတက်ရောက်ခြင်းလည်း ဆောင်ရွက်ခဲ့ပါသည်။



# ၁၀။ ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ရုံးအသီးသီးမှ ဝန်ထမ်းများသည်ရှိနေသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် အစည်းအဝေးများအဆင်ပြေချောမွေ့စေရန် အကျိုးဆောင်ပေးခြင်းနှင့် ဝင်စာနှင့်ထွက်စာများကို ပြုစုမှတ်တမ်းတင်ခြင်း၊ အစည်းအဝေးမှတ်တမ်းများကို စနစ်တကျမှတ်တမ်းတင်ခြင်းအပါအဝင် ရုံးလည်ပတ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် မူဝါဒမူကြမ်းရေးဆွဲရေးလုပ်ငန်းများတွင် အထောက်အကူပြုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဘဏ္ဍာရေးနှင့် စီမံကိန်းလုပ်ငန်းများ၊ ကောင်စီဝင်များ၏ ခရီးသွားလာရေးစီစဉ်ဆောင်ရွက်ခြင်း၊ အစီရင်ခံစာများ ရေးသားမှတ်တမ်းတင်ခြင်းနှင့် ကောင်စီဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံပွဲများနှင့် အခြားသော တွေ့ဆုံပွဲများတွင် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊ သဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာစာများနှင့် မိန့်ခွန်းများကို ရေးသားခြင်းနှင့် နည်းပညာဆိုင်ရာ အထောက်အကူများကို ပံ့ပိုးနိုင်ခဲ့ပါသည်။ ထို့အပြင် ကော်မတီအသီးသီး၏ နိုင်ငံရေးဆွေးနွေးမှုများနှင့် တွေ့ဆုံပွဲများတွင်လည်း လိုအပ် သည့် နည်းပညာနှင့် အထောက်အကူများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

# ၁၁။ အောင်မြင်မှု၊ အခက်အခဲနှင့် စိန်ခေါ်မှုများ

## (က) အောင်မြင်မှုများ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ၂၀၂၅ ခုနှစ် အတွင်း အထက်ပါ လုပ်ငန်းများကို ကြားကာလစီအမံပါ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲချမှတ်ထားသော တစ်နှစ်တာ လုပ်ငန်းစဉ်မဟာဗျူဟာများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ ကရင်နီပြည် မဏ္ဍိုင်များနှင့်အတူ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများအပြင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး တို့အား လမ်းညွှန်ခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ မူဝါဒများ အတည်ပြုမှုများနှင့် လူထုတွေ့ဆုံမှုများ ကို ပြုလုပ်နိုင်ခဲ့သည်။

Multi Ethnic Councils အင်အားစုများနှင့် နိုင်ငံရေးသဘောထားများစုစည်းနိုင်ရန် ညှိနှိုင်း ဆွေးနွေးမှုတွင် ဦးဆောင်ပြုလုပ်နိုင်ခဲ့ပြီး ဖက်ဒရယ်အသွင်ကူးပြောင်းရေး အစီအမံများဆိုင်ရာ အခြေခံဥပဒေ Article of Federal Transitional Arrangement (AFTA) မူကြမ်း ရေးဆွဲရေး လုပ်ငန်းစဉ်တွင်လည်း ပါဝင်နိုင်ခဲ့သည်။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကြားကာလ လွှတ်တော်အမတ်များ၊ လူထုသပိတ်အင်အား စုများ၊ လူငယ်အင်အားစုများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အမျိုးသမီးအင်အားစုများအား စုစည်း၍ အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲ(၂)ကြိမ်ကိုလည်း ဦးဆောင်ကျင်းပ နိုင်ခဲ့ပါသည်။ ပြည်နယ်အတွင်း လိုအပ်သည့် မြေယာမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ စိုက်ပျိုး ရေးနှင့်မွေးမြူရေးမူဝါဒ၊ လူသားချင်းစာနာထောက်ထားရေးမူဝါဒ၊ ဂျဲန်ဒါမူဝါဒမူဘောင်၊ မူးယစ်ဆေးဝါးမူဝါဒ၊ ဒေသန္တရအုပ်ချုပ်ရေး၊ လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့် အခွန်အကောက် ဆိုင်ရာမူဝါဒများကို ရေးဆွဲအတည်ပြုနိုင်ခဲ့သည်။

လူထုတွေ့ဆုံပွဲများ ကျင်းပရာတွင် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ ဌာနများနှင့်လည်းကောင်း၊ ကရင်နီပြည် ကြားကာလလွှတ်တော်နှင့်လည်းကောင်း ပူးပေါင်း ကာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်လအတွင်း ဖယ်ခုံနှင့် ဖရူဆို စသည့် မြို့နယ် (၅)ခုတွင် လူထုတွေ့ဆုံပွဲ (၆)ခု လုပ်ဆောင်နိုင်ခဲ့ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် နိုင်ငံရေး၊ စစ်ရေးအခြေအနေများ တင်ပြခြင်း၊ လူထု၏ အကြံပြုချက်များရယူခြင်းနှင့် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ စနစ်တကျ ဆောင်ရွက် သွားနိုင်ရေးနှင့် ကောင်စီဝင်များလိုအပ်သောပံ့ပိုးမှုများပေးနိုင်ရန်အတွက်ရုံးများကို စနစ်တကျ လည်ပတ်စေနိုင်အောင် စီမံခန့်ခွဲနိုင်ခဲ့သည်။

### (ခ) အခက်အခဲနှင့်စိန်ခေါ်မှုများ

လက်ရှိ ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင် ပြည်နယ် အတွင်းမှ နိုင်ငံရေးအင်အားစုများအပြင် အခြားသော အင်အားစုများနှင့်တွေ့ဆုံဆွေးနွေးမှုများအား ဆက်လက် လုပ်ဆောင် လျက်ရှိသည်။ တော်လှန်ရေးကာလ ကြာရှည်လာသည်နှင့် အမျှ ပြည်နယ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးလုပ်ငန်းများအား အချိန်နှင့်တပြေးညီ ဦးဆောင် လမ်းညွှန်ပေးနိုင်မှုနှင့် အားလုံးပါဝင်ရေးကို ဦးတည် ဆောင်ရွက်နိုင်မှုတွင် စိန်ခေါ်မှုများစွာ ရှိနေသည်။

ကောင်စီဝင်များသည် နေရာကွဲပြားစွာ တာဝန် ထမ်းဆောင်နေရခြင်း၊ လုံခြုံရေးနှင့် ခရီးသွားလာရာတွင် အခက်အခဲများကြောင့် ပုံမှန်လူတွေ့တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ခက်ခဲသည်။ နိုင်ငံရေး ရပ်တည်ချက်၊ အကျိုးစီးပွား စိတ်ဝင်စားမှု မတူညီမှုများကြောင့် အားလုံးပါဝင်ရေးနှင့် ညီညွတ်ရေးအတွက် စုစည်းရန် ခက်ခဲမှုသည်လည်း ကြီးမားသည့် စိန်ခေါ်မှုများဖြစ်သည်။

# ၁၂။ ရှေ့လုပ်ငန်းစဉ်များ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များမှာ–

(၁) မူဝါဒရေးဆွဲရေးနှင့် အတည်ပြုရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အပြင် ရေးဆွဲပြီးသောမူဝါဒများအား ထိရောက်စွာနှင့် လက်တွေ့ကျင့်သုံးရန်အတွက် နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) လူထုနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်၊

(၃) အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်သောပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်ရန်နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကရင်နီပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ရေးဆွဲ ချမှတ်ရန်၊

(၄) အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ရန်၊

(၅) ပြည်နယ်၊ ဖက်ဒရယ်ယူနစ်၊ လူမျိုးစု၊ တိုင်ရင်းသားလက်နက်ကိုင်အင်အားစုနှင့် အခြားသော မဟာမိတ် အင်အားစုများနှင့် နိုင်ငံရေးဘုံသဘောတူညီချက်များ ညှိနှိုင်းဆွေးနွေးရာတွင် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရန်၊

(၆) မဏ္ဍိုင်များနှင့်သော်လည်းကောင်း၊ အခြားပတ်သက်ဆက်နွယ်သူများနှင့်သော်လည်း ကောင်း ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပုံမှန်ချိတ်ဆောင်ရွက်ရန်။

# ၁၃။ နိဂုံး

ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ပြန်လည်ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် ပြည်နယ်အတွင်းရှိ ပါဝင်ဆက်နွယ်သူများ၏ ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များတိုးချဲ့ဖွဲ့စည်းခြင်း၊ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ မဟာဗျူဟာကျ လုပ်ငန်းစဉ်များ ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်း၊ နိုင်ငံတကာသံရုံးများ၊ အဖွဲ့စည်းများနှင့် သံခင်းတမန်ခင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းကို ကြားကာလအစီအမံပါ လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို စနစ်တကျ ဖော်ဆောင်ရေး ကြားကာလအစီအမံပါ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေးဆွဲချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

